ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန

အမိန့်ကြော်ငြာစာအမှတ်၊ ၁၁၀ /၂၀၂၅

၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၉ ရက်

(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်)

အကြောင်းအရာ။ နိုင်ငံတော်အတွင်း နိုင်ငံတော်၏တာဝန်ကို ထမ်းဆောင်လျက်ရှိကြသည့် နိုင်ငံ့ဝန်ထမ်းများနှင့် အငြိမ်းစားဝန်ထမ်းများအတွက် အပိုထောက်ပံ့ကြေး ထပ်မံခံစားခွင့်ပြုခြင်း

## အပိုင်း ၁

## ဝန်ထမ်းများအတွက် အပိုထောက်ပံ့ကြေး

၁။ နိုင်ငံတော်အတွင်း နိုင်ငံတော်၏တာဝန်ကို ထမ်းဆောင်လျက်ရှိကြသည့် ဝန်ထမ်းများအား အပိုထောက်ပံ့ကြေးအဖြစ် တစ်ဦးလျှင်တစ်လ ကျပ် ၃၀,၀၀၀/-ကို ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလမှစတင်၍ ပထမအကြိမ်အဖြစ်လည်းကောင်း၊ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လမှစတင်၍ ဒုတိယအကြိမ်အဖြစ်လည်းကောင်း လစဉ်ခံစားခွင့်ပြုခဲ့ပါသည်။ ယခုအခါ လက်ရှိထောက်ပံ့လျက်ရှိသည့် အပိုထောက်ပံ့ကြေး ကျပ် ၆၀,၀၀၀/- အပြင် ထပ်မံ၍ ကျပ် ၃၀,၀၀၀/-(ကျပ်သုံးသောင်းတိတိ)ကို အပိုထောက်ပံ့ကြေးအဖြစ် လစဉ်ခံစားခွင့်ပြုလိုက်သည်။

## အပိုင်း ၂

## တပ်မတော်(ကြည်း၊ ရေ၊ လေ)ဝန်ထမ်းများအတွက် အပိုထောက်ပံ့ကြေး

၂။ နိုင်ငံတော်အတွင်းနိုင်ငံတော်၏တာဝန်ကို ထမ်းဆောင်လျက်ရှိကြသည့် တပ်မတော်(ကြည်း၊ ရေ၊ လေ)ဝန်ထမ်းများအား အပိုထောက်ပံ့ကြေးအဖြစ် တစ်ဦးလျှင် တစ်လ ကျပ် ၃၀,၀၀၀/-ကို ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ မှစတင်၍ ပထမအကြိမ်အဖြစ်လည်းကောင်း၊ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လမှစတင်၍ ဒုတိယအကြိမ်အဖြစ်လည်းကောင်း လစဉ်ခံစားခွင့်ပြုခဲ့ပါသည်။ ယခုအခါ လက်ရှိထောက်ပံ့လျက်ရှိသည့် အပိုထောက်ပံ့ကြေး ကျပ် ၆၀,၀၀၀/- အပြင် ထပ်မံ၍ ကျပ် ၃၀,၀၀၀/-(ကျပ်သုံးသောင်း တိတိ) ကို အပိုထောက်ပံ့ကြေးအဖြစ် လစဉ်ခံစားခွင့်ပြုလိုက်သည်။

## အပိုင်း ၃

## ဝန်ထမ်းများအား အပိုထောက်ပံ့ကြေးထုတ်ပေးရေးနှင့်စပ်လျဉ်း၍ လိုက်နာဆောင်ရွက်ရန်

၃။ အထက်ဖော်ပြပါ နိုင်ငံတော်အတွင်း နိုင်ငံတော်၏တာဝန်ကို ထမ်းဆောင်လျက်ရှိကြသည့် ဝန်ထမ်းများနှင့် တပ်မတော်(ကြည်း၊ ရေ၊ လေ)ဝန်ထမ်းများအား အပိုထောက်ပံ့ကြေး ထုတ်ပေးရာတွင် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(က) အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့်(၄)လအတွက်နှင့် လစာပြည့် သို့မဟုတ် လစာဝက်အစရှိသည့် လစာငွေရရှိသော အခြားခွင့်ခံစားနေသည့်ကာလအတွင်း အပိုထောက်ပံ့ကြေးကို ခံစားခွင့်ရှိပါသည်။

(ခ) ပညာသင်ကြားခွင့်[၁] ဖြင့် နိုင်ငံခြားတိုင်းပြည်များသို့ စေလွှတ်ခြင်းခံရသော ဝန်ထမ်းများနှင့်ပညာသင်ခွင့်စည်းကမ်းချက်များ [၂] ဖြင့် နိုင်ငံခြားသို့ သွားရောက်ပညာသင်ကြားနေကြသည့်ဝန်ထမ်းများသည် ယင်းသို့သွားရောက်နေသည့် ကာလအတွင်း အပိုထောက်ပံ့ကြေးကို ခံစားခွင့်မရှိပါ။

(ဂ) တာဝန်ထမ်းဆောင်ရာ၌ လိုအပ်သောအရည်အချင်း ပြည့်စုံမှုအတွက် ပြည်တွင်း တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံတစ်ခုခုတွင်လည်းကောင်း၊ စက်မှုစိုက်ပျိုးနှင့် သက်မွေးပညာဆိုင်ရာသိပ္ပံ သို့မဟုတ် အထက်တန်းကျောင်း တစ်ခုခုတွင်လည်းကောင်း ပညာသင်ခွင့် စည်းကမ်းချက်များဖြင့် တက်ရောက်ပညာသင်ကြားခွင့် ရရှိသော ဝန်ထမ်းများအား ပညာသင်ခွင့်ကာလအတွင်း အပိုထောက်ပံ့ကြေးကို ခံစားခွင့်ပြုရပါမည်။

(ဃ) ရာထူးမှ ခေတ္တချထားခြင်းခံရသော ဝန်ထမ်းများအား တည်ဆဲနည်းဥပဒေများအရ နေထိုင်စားသောက်မှုစရိတ်[၃] ကို ထုတ်ပေးထားစဉ်ကာလအတွင်း အပိုထောက်ပံ့ကြေးကို ခံစားခွင့်ပြုရပါမည်။

(င) ပုံသေလစာ[၄] ရရှိသော ဝန်ထမ်းများသည်လည်း အပိုထောက်ပံ့ကြေးကို လစဉ် ခံစားခွင့်ရှိမည် ဖြစ်ပါသည်။

---

၁။ Study Leave

၂။ Deputation

၃။ Subsistence Allowance

၄။ Fixed Pay

## အပိုင်း ၄
## နေ့စားဝန်ထမ်းများ နှင့် နေ့စားအလုပ်သမားများအတွက် အပိုထောက်ပံ့ကြေး

၄။ အစိုးရဌာနများနှင့်အဖွဲ့အစည်းများရှိ နေ့စားဝန်ထမ်းများနှင့် နေ့စားအလုပ်သမားများ၏ လုပ်ခကို အလုပ်ချိန် တစ်နေ့ (၈)နာရီအတွက် လက်ရှိသတ်မှတ်ထားသော လုပ်ခ ကျပ် ၄,၈၀၀/- အပေါ်တွင် အပိုထောက်ပံ့ကြေး ကျပ် ၁,၀၀၀/-ကို ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလမှစတင်၍ ပထမအကြိမ်အဖြစ်လည်းကောင်း၊ ထပ်မံ၍ ကျပ် ၁,၀၀၀/-ကို ၂၀၂၄ ခုနှစ်၊ ဩဂုတ်လမှစတင်၍ ဒုတိယအကြိမ်အဖြစ်လည်းကောင်းလစဉ်ခံစားခွင့်ပြုခဲ့ပါသည်။ ယခုအခါ လက်ရှိထောက်ပံ့လျက် ရှိသည့် အပိုထောက်ပံ့ကြေး ကျပ် ၂,၀၀၀/-အပြင် ထပ်မံ၍ ကျပ် ၁,၀၀၀/- ကို အပို ထောက်ပံ့ကြေး အဖြစ် ခံစားခွင့်ပြုရန်ဖြစ်သဖြင့် နေ့စားအလုပ်သမားများအား နေ့စဉ်လုပ်ခ ကျပ် ၇,၈၀၀/- (ကျပ်ခုနစ်ထောင့်ရှစ်ရာတိတိ)ကို ခွင့်ပြုရန် ဖြစ်ပါသည်။

၅။ အောက်ဖော်ပြပါဝန်ထမ်းများသည် အပိုထောက်ပံ့ကြေးကို ခံစားခွင့်မရှိပါ-

(က) လုပ်ငန်းစာချုပ်အစရှိသည့် ဆောင်ရွက်ပြီးစီးသော လုပ်ငန်းပမာဏ သို့မဟုတ် အရေအတွက်ကိုလိုက်၍ အခကြေးငွေရရှိသည့် ဝန်ထမ်းများနှင့်အလုပ်သမားများ၊

(ခ) အချိန်ပိုင်း၅ သာ ဆောင်ရွက်ရသည့် ဝန်ထမ်းများ၊

## အပိုင်း ၅
## အငြိမ်းစားဝန်ထမ်းများအတွက် အပိုထောက်ပံ့ကြေး

၆။ နိုင်ငံတော်အတွင်းမှီတင်းနေထိုင်ကြသောအငြိမ်းစားဝန်ထမ်းများ(တပ်မတော်အငြိမ်းစား ဝန်ထမ်းများအပါအဝင်)အား အပိုထောက်ပံ့ကြေးအဖြစ် တစ်ဦးလျှင်တစ်လ ကျပ် ၃၀,၀၀၀/- ကို ၂၀၂၄ ခုနှစ်၊ ဩဂုတ်လမှစတင်၍ ပထမအကြိမ်အဖြစ် လစဉ်ခံစားခွင့်ပြုခဲ့ပါသည်။ ယခုအခါ လက်ရှိထောက်ပံ့လျက်ရှိသည့် အပိုထောက်ပံ့ကြေး ကျပ် ၃၀,၀၀၀/- အပြင်ထပ်မံ၍ ကျပ် ၃၀,၀၀၀/-(ကျပ်သုံးသောင်းတိတိ)ကို အပိုထောက်ပံ့ကြေးအဖြစ် လစဉ်ခံစားခွင့်ပြုရန် ဖြစ်ပါသည်။

## အပိုင်း ၆
## အငြိမ်းစားဝန်ထမ်းများအား အပိုထောက်ပံ့ကြေးပေးရေးနှင့်စပ်လျဉ်း၍ လိုက်နာဆောင်ရွက်ရန်

၇။ အငြိမ်းစားဝန်ထမ်းများအား အပိုထောက်ပံ့ကြေးခံစားခွင့်ပြုရေးနှင့်ပတ်သက်၍ အောက်ပါ အတိုင်း လိုက်နာဆောင်ရွက်ရမည်-

(က) နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသည့် အငြိမ်းစားဝန်ထမ်းများကိုသာ အပို ထောက်ပံ့ကြေးကို ခံစားခွင့်ပြုရန်ဖြစ်၍ နိုင်ငံခြားတိုင်းပြည်များတွင် ယာယီဖြစ်စေ၊ အမြဲတမ်းဖြစ်စေ သွားရောက်နေထိုင်ကြသူများကို နိုင်ငံခြားတွင်သွားရောက်နေ စဉ်အတွင်း အပိုထောက်ပံ့ကြေးကို ခံစားခွင့်ပြုမည် မဟုတ်ပါ။

---

၅။ Part-time

(ခ) ပင်စင်လစာတစ်ခုထက်ပို၍ ရရှိနေသော အငြိမ်းစားဝန်ထမ်းများအတွက် ယင်းသို့ ရရှိနေသည့် ပင်စင်လစာအားလုံး၏စုစုပေါင်းအပေါ်တွင် အပိုထောက်ပံ့ကြေးကို ခံစားခွင့်ပြုရန်ဖြစ်ပါသည်။

(ဂ) မိသားစုပင်စင်နှင့်ပတ်သက်၍ အကျိုးခံစားခွင့်ရှိသူအားလုံး(ဥပမာ-ကွယ်လွန်သူ ဝန်ထမ်း၏ ဇနီးနှင့်သားသမီးများအားလုံး)ခံစားရရှိနေသည့် ပင်စင်ငွေစုစုပေါင်း အပေါ်တွင် အပိုထောက်ပံ့ကြေးကို ခံစားခွင့်ပြုရန်နှင့် ယင်းအပိုထောက်ပံ့ကြေး ကို တစ်ကြိမ်သတ်မှတ်ပြီးဖြစ်ပါက တစ်ဦးတစ်ယောက်၏ခံစားခွင့်ရပ်စဲသွားသည့် အခါ အပိုထောက်ပံ့ကြေးကို ထပ်မံပြင်ဆင်သတ်မှတ်ရန် မလိုပါ။

(ဃ) ယခုခွင့်ပြုသော အပိုထောက်ပံ့ကြေးကို တစ်လုံးတည်းပင်စင်အဖြစ် လဲလှယ်ခွင့် မရှိပါ။

(င) ပင်စင်နှင့်လုပ်သက်ဆုငွေများကို လက်ရှိပြဋ္ဌာန်းထားသော စည်းမျဉ်းများအတိုင်း ပင် ဆက်လက်ခံစားခွင့်ပြုရမည်။

(စ) ယခင်စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၁၅-၈-၂၀၂၄ ရက်စွဲပါ စာအမှတ်၊ ဘဏ္ဍာ-၂/၂/၃၁၀ (၃၉၀၄/၂၀၂၄)ဖြင့် ထုတ်ပြန်ထားသည့် ညွှန်ကြားချက်အပိုဒ် ၂ ပါ အချက်များကိုပါ လိုက်နာဆောင်ရွက်ရမည်။

အပိုင်း ၇

အထွေထွေ

၈။ ဤအမိန့်သည် ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှစ၍ အတည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံ့ဝန်ထမ်းများနှင့် အငြိမ်းစားဝန်ထမ်းများအား ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ အတွက် ပေးရန်ရှိသော လစာ၊ လုပ်ခ၊ ပင်စင်လစာနှင့်အတူ အပိုထောက်ပံ့ကြေးကို ထုတ်ပေးနိုင် အောင် ဆောင်ရွက်ပေးရပါမည်။

(ဒေါက်တာကံဇော်)

ပြည်ထောင်စုဝန်ကြီး

စာအမှတ်၊ ဘခ-၂/၂/၃၁၀ ( ၁၃၃၉ /၂၀၂၅)

ရက်စွဲ၊ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်